# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

## ညွှန်ကြားချက်

အကြောင်းအရာ။ **ထိန်းချုပ်ဆေးဝါးတင်သွင်းခြင်းကိစ္စ။**

၁။ ထိန်းချုပ်ဆေးဝါး တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်သူများသည် ထိန်းချုပ်ဆေးဝါး တင်သွင်းခွင့်ပြုချက် (ပုံစံ-၁၂)ဖြင့် ထိန်းချုပ်ဆေးဝါးများ တင်သွင်းရောက်ရှိပါက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထိန်းချုပ်ရေးဆိုင်ရာ အမိန့်(၁/၂၀၀၃)၏ ပုဒ်မ ၁၇(ခ)တွင် ပြဋ္ဌာန်းချက်အရ- "ခွင့်ပြုချက်ဖြင့် တင်သွင်းတင်ပို့သည့် ဆေးဝါးအမျိုးအစား၊ ရက်စွဲ၊ အလေးချိန်၊ ပမာဏ၊ အရေအတွက်၊ ဆေးဝါးတစ်ခုချင်းအလိုက် အဝင်အထွက်တို့ကို မှတ်တမ်းအထောက်အထားများနှင့်အတူ တင်သွင်းပြီး တစ်ပတ်(၇ရက်)အတွင်း ဗဟိုအစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီ (အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန)သို့ အစီရင်ခံရမည်"ကို တိကျစွာလိုက်နာရန် အကြောင်းကြားပါသည်။

၂။ အဆိုပါပုံစံ(၁၂)ဖြင့် တင်သွင်းခွင့်ရရှိထားသော ထိန်းချုပ်ဆေးဝါးများအတွက် ထိန်းချုပ်ဆေးဝါး သိုလှောင်/ ရောင်းချခွင့် (ပုံစံ-၁၀)ကိုလည်း ပုံမှန်လျှောက်ထားရန် လိုအပ်ကြောင်း အသိပေး အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
ဒေါက်တာသိဂီဇင်၊ညွှန်ကြားရေးမှူး

စာအမှတ်၊ အစဆ/ (ဆ၀) ၂၀၁၅ / ၆၁၈
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ( ၁၃ )ရက်။

ဖြန့်ဝေခြင်း -

၁။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန။
၂။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန။
၃။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း။
၄။ ထိန်းချုပ်ဆေးဝါးတင်သွင်းခြင်းလုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီများ

မိတ္တူကို -

၅။ ရုံးလက်ခံ၊ မျှောစာတွဲ။

စာအဝင်
အမှတ်စဉ်
17 JUL 2015
ရက်စွဲ